**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

ညွှန်ကြားချက်အမှတ် (၇ /၂၀၂၃)
၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အမည်ခံဒါရိုက်တာများ ခွင့်မပြုကြောင်းနှင့် ကုမ္ပဏီတွင်ပါဝင်သူများကို အမည်ခံအစုရှယ်ယာရှင်များအဖြစ် ခွင့်မပြုကြောင်း ထုတ်ပြန်ကြေညာခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၄၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် အမည်ခံဒါရိုက်တာများနှင့် အမည်ခံအစုရှယ်ယာရှင်များကို ခွင့်ပြုမည်မဟုတ်ကြောင်းကို ဤညွှန်ကြားချက်ဖြင့် အသိပေးထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ အခန်း (၁၈) တွင် ဒါရိုက်တာများ၏ ရရန်ပိုင်ခွင့်နှင့် တာဝန်ရှိမှုများနှင့်စပ်လျဉ်း၍ ဒါရိုက်တာရာထူး ခန့်အပ်ထားခြင်းမရှိစေကာမူ ကုမ္ပဏီကိစ္စများကို ညွှန်ကြားသူ၊ ထိန်းချုပ်သူများကိုလည်း ဒါရိုက်တာအဖြစ် သတ်မှတ်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် ဥပဒေနှင့်အညီ အလှည့်ကျဒါရိုက်တာခန့်အပ်ရန်ကိုလည်း ခွင့်ပြုထားပြီးဖြစ်သည့်အတွက် ဥပဒေနှင့်မညီညွတ်သော အမည်ခံဒါရိုက်တာများ ခန့်အပ်ခြင်းကို လုံးဝ ခွင့်ပြုမည်မဟုတ်ပါ။

၂။ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက ပိုင်ဆိုင်ထားသော အစုရှယ်ယာများအတွက် မှတ်ပုံတင်အရာရှိထံ တင်ပြမှတ်ပုံတင်ရန်အတွက်လည်းကောင်း၊ ကုမ္ပဏီတွင် ထိန်းသိမ်းထားသော ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်စာရင်းရေးသွင်းရန်အတွက်လည်းကောင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ အချို့သောနိုင်ငံများတွင် အမည်ခံအစုရှယ်ယာရှင်များဖြင့် မှတ်ပုံတင်စာရင်းရေးသွင်းခြင်းကို ခွင့်ပြုထားပြီး အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ကို သီးခြားဖော်ပြရသော စနစ်မျိုးကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် ထိုသို့သော အမည်ခံအစုရှယ်ယာရှင်များအမည်ဖြင့် မှတ်ပုံတင်စာရင်းရေးသွင်းခြင်းကို ခွင့်မပြုပါကြောင်းနှင့် မှတ်ပုံတင်အရာရှိထံ တင်ပြထားသော၊ ကုမ္ပဏီတွင်ထိန်းသိမ်းထားသော ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်စာရင်းရေးသွင်းထားသော လူပုဂ္ဂိုလ်/ ဥပဒေဆိုင်ရာပုဂ္ဂိုလ်ကိုသာလျှင် အမှန်တကယ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အဖြစ် သတ်မှတ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ကုမ္ပဏီများ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏သတင်းအချက်အလက်များကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၄၂၁ အရ မည်သူမဆို သတ်မှတ်အခကြေးငွေဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၅။ ဤညွှန်ကြားချက်သည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အသက်ဝင်စေရမည် ဖြစ်သည်။

(သန့်စင်လွင်)
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန